**နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်များ နှင့် လေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေငြာခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ("ကုမ္ပဏီ") နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီခွဲများ စုပေါင်း၍ ("ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာဘဏ္ဍာရေးနှစ် ("၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်") အတွက် ကုမ္ပဏီ၏ စာရင်းစစ်သုံးသပ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲထုတ်ပြန် ကြေညာအပ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေများကို ပိုမိုနားလည်စေရန်နှင့် နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီ၏ စီမံခန့်ခွဲရေး အဖွဲ့သည် ၂၀၂၄ခုနှစ်၊ ဧပြီလ၊ ၁ရက်နေ့ မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့ အထိ ("၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်") ကာလကို ဖော်ပြထားသော စာရင်းစစ်သုံးသပ်ပြီး နှစ်ဝက်ဘဏ္ဍာရေးအစီရင်ခံစာနှင့် နှိုင်းယှဉ်သုံးသပ် တင်ပြထားပါသည်။ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**KEY HIGHLIGHTS**

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **HY Sep-2025** | HY Sep-2024 | % Change |
|---|---|---|---|
| Revenue | **345,317,282** | 243,099,575 | 42.0% |
| Cost of revenue | **(217,945,225)** | (175,646,372) | (24.1%) |
| Gross profit | **127,372,057** | 67,453,203 | 88.8% |
| *Gross Profit margin* | ***36.9%*** | *27.7%* | |
| Administrative expenses | **(86,874,842)** | (82,902,016) | (4.8%) |
| Finance expenses | **(1,703,765)** | (1,386,139) | (22.9%) |
| Other (losses)/ gains, net | **(11,277,123)** | 12,373,081 | (191.1%) |
| Share of profit of associates and joint venture, net of tax | **53,053** | 5,489,038 | (99.0%) |
| Profit before income tax | **27,569,380** | 1,027,167 | 2,584.0% |
| Income tax expense | **(7,172,603)** | (1,470,449) | (387.8%) |
| **Profit/ (Loss) for the period** | **20,396,777** | (443,282) | NM |
| Fair value gains of available-for-sale investments | **-** | 386,102 | 0.0% |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **-** | (1,608,758) | 0.0% |
| Share of other comprehensive income/ (loss) of associates | **90,408** | (153,967) | 158.7% |
| **Other comprehensive income/ (loss) for the period, net of tax** | **90,408** | (1,376,623) | 106.6% |
| **Total comprehensive income/ (loss) for the period** | **20,487,185** | (1,819,905) | NM |
| | | | |
| **Profit/ (Loss) attributable to:**[1] | | | |
| Owners of the Company | **10,209,753** | 895,686 | |
| Non-controlling interests | **10,187,024** | (1,338,968) | |
| | **20,396,777** | (443,282) | |
| | | | |
| **Earnings per share** | | | |
| Basic (MMK) | **308** | **27** | 1,040.7% |
| Diluted (MMK) | **247** | **22** | 1,022.7% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

ကုမ္ပဏီအုပ်စု၏ အဓိကဝင်ငွေကို ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ရိုးမဘဏ်”) နှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ပန်းလှိုင်ဆေးရုံအုပ်စု”) တို့မှ ရရှိခဲ့ပြီး၊ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်အတွက် ကုမ္ပဏီအုပ်စု၏စုစုပေါင်းဝင်ငွေမှာ ကျပ် ၃၄၅.၃ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်၏ စုစုပေါင်းဝင်ငွေ ကျပ် ၂၄၃.၁ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၄၂.၀% တိုးတက်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

| (MMK’000) | **HY Sep-2025** | HY Sep-2024 | % Change |
|---|---|---|---|
| Financial services | **283,424,047** | 193,250,278 | 46.7% |
| Healthcare services | **61,853,635** | 49,781,122 | 24.3% |
| Dividend income | **-** | 32,175 | 0.0% |
| Rental income | **39,600** | 36,000 | 10.0% |
| Total | **345,317,282** | 243,099,575 | 42.0% |

ရိုးမဘဏ်မှ ရရှိသောဝင်ငွေသည် ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၉၃.၃ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၂၈၃.၄ ဘီလီယံ အထိရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၆.၇% တိုးတက်ခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ အတိုးမှရရှိသောဝင်ငွေ၊ အစိုးရငွေတိုက်စာချုပ်များအပေါ်တွင် ရင်းနှီးမြှုပ်နှံမှုမှရရှိသောဝင်ငွေများ၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှ ရရှိသည့်ဝင်ငွေနှင့် နိုင်ငံခြားငွေဝန်ဆောင်မှုမှ ရရှိသည့်ဝင်ငွေများ တိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် ပန်းလှိုင်ဆေးရုံအုပ်စုမှ ဝင်ငွေရရှိမှုမှာလည်း ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၄၉.၈ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၆၂.၀ ဘီလီယံအထိ ရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၄.၃% တိုးတက်ခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးမြင့် လာရခြင်းမှာ အဓိကအားဖြင့် ဆေးရုံများ၏ ပင်မဝန်ဆောင်မှုဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများနှင့် ကျန်းမာရေး စစ်ဆေးမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေတိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် ပြည်ပမှဆရာဝန်များ လာရောက်ကုသ ပေးခြင်းများနှင့် ပန်းလှိုင်ဆေးရုံ၏ နှစ်၂၀ပြည့် နှစ်ပတ်လည်တွင် အထူးဈေးနှုန်းများဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးခြင်းတို့ကြောင့် ဝင်ငွေတိုးမြင့်လာခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အကြမ်းအမြတ်သည် ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်အတွက် ကျပ် ၁၂၇.၄ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်၏ ကျပ် ၆၇.၅ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၈၈.၈% သို့ တိုးမြင့်ခဲ့ပါသည်။ ထိုသို့ အကြမ်းအမြတ်တိုးမြင့်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ အပ်ငွေများအပေါ်ပေးရသော ကုန်ကျစရိတ်ထက် အစိုးရငွေတိုက်စာချုပ်များအပေါ်တွင် ရင်းနှီးမြှုပ်နှံမှုမှရရှိသော ဝင်ငွေ၊ အတိုးမှရရှိသော ဝင်ငွေနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှ ရရှိသောဝင်ငွေများ ပိုမိုတိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်သည် ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၈၃.၀ ဘီလီယံ မှ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၈၇.၀ ဘီလီယံအထိ အနည်းငယ်တိုးမြင့်ခဲ့ပါသည်။ ထိုသို့တိုးမြင့်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ ကုမ္ပဏီ၏ ကျွမ်းကျင်ပညာရှင်များ၏ အသုံးစရိတ်များ မြင့်မားလာခြင်းနှင့် လုပ်ငန်းကဏ္ဍအားလုံး၏ အဆောက်အဦဌားရမ်းခများ တိုးမြင့်လာမှု၊ ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊ လည်ပတ်မှုစရိတ်များနှင့် ဝန်ထမ်းများ၏ လုပ်ခလစာစရိတ်များ မြင့်မားလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များသည် ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁.၄ ဘီလီယံ မှ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် တွင် ကျပ် ၁.၇ ဘီလီယံသို့ တိုးမြင့်လာခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၂၂.၉% တိုးမြင့်လာခဲ့ပါသည်။ ထိုသို့တိုးမြင့်လာရခြင်း၏ အဓိကကြောင်းအရင်းမှာ ကုမ္ပဏီ၏ ချေးငွေများအတွက် ကုန်ကျခဲ့သော ဘဏ်ဝန်ဆောင်မှုစရိတ်များကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အခြားဝင်ငွေ ကျပ် ၁၂.၄ ဘီလီယံ နှင့်နှိုင်းယှဉ်ပါက ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အခြားဆုံးရှုံးမှု ကျပ် ၁၁.၃ ဘီလီယံ ရှိကြောင်း တင်ပြခဲ့ပါသည်။ ထိုသို့ အခြားသောဆုံးရှုံးမှု မြင့်တက်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းတန်ဖိုးသင့်ခြင်းမှ ဖြစ်ပေါ်လာသော စာရင်းအရ ဆုံးရှုံးမှုများအပြင် ယခင်ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိခဲ့သော ကုမ္ပဏီ၏ Myanmar Thilawa SEZ Holdings Public Co., Ltd (“MTSH”) တွင်ရင်းနှီးမြှုပ်နှံထားသည့်

ကာလတိုရင်းနှီးမြှုပ်နှံမှုများအား ရောင်းချရာမှ အမြတ်များနှင့်၊ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများ တန်ဖိုးပြန်လည်သင့်ရာမှ ရရှိခဲ့သည့် အမြတ်များ လျော့နည်းသွားခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အခြားသောအရှုံးအမြတ် အသေးစိတ် အချက်အလက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (MMK’000) | **HY Sep-2025** | HY Sep-2024 |
|---|---:|---:|
| (Loss)/ Gain on foreign currency exchange, net | **(10,478,654)** | 9,387,208 |
| Gain on disposal of available-for-sale investment | **-** | 1,567,702 |
| Gain on fair value of investment properties | **-** | 1,374,920 |
| Gain on disposal of property, plant and equipment | **19,717** | 134,984 |
| (Write-off) / Recovery of receivable | **(3,406)** | 500 |
| Write back of payable | **35,692** | 9,637 |
| Write-off of property, plant and equipment | **(850,472)** | (101,870) |
| **Total Other (Losses)/ Gains, net** | **(11,277,123)** | 12,373,081 |

၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများထံမှ ရရှိသော အရှုံးအမြတ် အသေးစိတ်ကို အောက်ပါအတိုင်း ခွဲခြမ်းစိပ်ဖြာ၍ တင်ပြထားပါသည်။

| | | **Group Share of Profit** | |
|---|---:|---:|---:|
| (MMK'000) | **Stake** | **HY Sep-2025** | HY Sep-2024 |
| Thanlyin Estate Development Limited | 30.0% | **949,826** | 4,055,114 |
| FMI Garden Development Limited | 47.5% | **256,013** | 1,762,191 |
| FMI Decaux Company Limited | 40.0% | **122,862** | (206,640) |
| Kawthaung Hill Investment Limited | 37.5% | **(82)** | (101) |
| Chindwin Bagan Co.,Ltd | 30.0% | **(540)** | - |
| LSC-FMI Company Limited | 50.0% | **(1,635)** | (566) |
| Pun Hlaing Links Services Company Limited | 30.0% | **(29,425)** | (25,581) |
| CLW Development Co.,Ltd | 25.0% | **(182,232)** | - |
| Memories (2022) Pte. Limited | 16.66% | **(1,061,734)** | (95,379) |
| **Total Share of Profit** | | **53,053** | 5,489,038 |

ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများမှ ရရှိသော အချိုးကျအမြတ်ငွေမှာ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၅.၅ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၀.၁ ဘီလီယံ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉.၀% လျော့နည်းခဲ့ပါသည်။ ထိုသို့လျော့နည်းသွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ Thanlyin Estate Development Limited ၏ Estella and ARA အိမ်ရာစီမံကိန်းများ၏ စီမံခန့်ခွဲမှုစရိတ်များ တိုးမြင့်လာခြင်းနှင့် FMI Garden Development Ltd ၏ အိမ်ရာစီမံကိန်းဖြစ်သော Padauk Garden Project သည် ပြီးစီးသွားပြီဖြစ်သဖြင့် ၎င်းတို့မှ အချိုးကျအမြတ်ငွေရရှိမှု လျော့နည်းသွားခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် Memories (2022) Pte. Ltd မှ အချိုးကျအရှုံးငွေ ကျပ် ၁.၁ ဘီလီယံ ရရှိခဲ့ပြီး အဓိကအားဖြင့် ဘဏ္ဍာရေးချေးငွေများအပေါ် အတိုးပေးရငွေကုန်ကျစရိတ်များ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

အထက်ဖော်ပြခဲ့သော အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စုသည် ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အသားတင်အမြတ်ငွေ ကျပ် ၂၀.၄ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိသော အသားတင်အရှုံးငွေမှာ ကျပ် ၀.၄ ဘီလီယံ ဖြစ်ပါသည်။

၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အခြားသောအလုံးစုံဝင်ငွေ (other comprehensive income) ကျပ် ၀.၁ ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိသော အခြားသောအလုံးစုံအရှုံးငွေ (other comprehensive loss) မှာ ကျပ် ၁.၄ ဘီလီယံ ဖြစ်ပါသည်။ ထိုသို့ အခြားသောအလုံးစုံဝင်ငွေ တိုးမြင့်သွားခြင်း၏ အဓိကအကြောင်းအရင်းများမှာ ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ၊ အဓိကအားဖြင့်

Memories (2022) Pte Ltd ၏ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ ဖြစ်ပေါ်လာသည့် လုပ်ငန်းလည်ပတ်မှုနှင့် မသက်ဆိုင်သော အခြားသောအလုံးစုံဝင်ငွေ ကျပ် ၀.၁ ဘီလီယံ အချိုးကျခွဲဝေရရှိခဲ့ခြင်းနှင့် ယခင်ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီ၏ MTSHတွင် ကာလတိုရင်းနှီးမြှုပ်နှံထားသည့် အစုရှယ်ရာများကို ဈေးကွက်ပေါက်ဈေးအရ ပြန်လည်တန်ဖိုးသင့်ရာမှ ဖြစ်ပေါ်လာသော တန်ဖိုးသင့် အမြတ်များကို ၎င်းရင်းနှီးမြှုပ်နှံမှု ရောင်းချချိန်တွင် အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲစာရင်းညှိနှိုင်းချက်တို့၏ စုပေါင်းသက်ရောက်မှု ကျပ် ၁.၆ ဘီလီယံ လျော့နည်းသွားခြင်းတို့ကြောင့် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သည့် အသားတင်အမြတ်ငွေမှာ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၀.၉ ဘီလီယံ မှ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၀.၂ ဘီလီယံ အထိ ရရှိခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သည့် အသားတင်အမြတ်သည် ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရှယ်ယာတစ်စု အပေါ်ရရှိသည့် အခြေခံဝင်ငွေ ("EPS") မှာ ကျပ် ၃၀၈ ဖြစ်ပြီး၊ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိခဲ့သည့်အခြေခံဝင်ငွေ ကျပ် ၂၇ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၁,၀၄၀.၇% အထိ တိုးမြင့်လာခဲ့ပါသည်။ ရှယ်ယာတစ်စုအတွက် လျော့ကျရရှိမည့် ဝင်ငွေ ("Diluted EPS") မှာ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၂၄၇ ဖြစ်၍ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် လျော့ကျရရှိခဲ့သည့်ဝင်ငွေ ကျပ် ၂၂ နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၁,၀၂၂.၇% အထိ တိုးမြင့်ခဲ့ပါသည်။ Diluted EPS အားနောင်တွင်ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား စာရင်းကာလအစတွင် ထုတ်ဝေပြီးအနေအထားတို့ဖြင့် ပျမ်းမျှအခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်စာရင်းရှင်းတမ်းကို ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေနှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2025** | As at 31-Mar-2025 | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **4,819,417,324** | 3,942,662,602 | 22.2% |
| Total non-current assets | **1,077,139,518** | 1,078,234,942 | (0.1%) |
| Total assets | **5,896,556,842** | 5,020,897,544 | 17.4% |
| | | | |
| **LIABILITIES** | | | |
| Total current liabilities | **5,246,222,043** | 4,393,812,344 | (19.4%) |
| Total non-current liabilities | **17,976,758** | 14,914,344 | (20.5%) |
| Total liabilities | **5,264,198,801** | 4,408,726,688 | (19.4%) |
| **NET ASSETS** | **632,358,041** | 612,170,856 | 3.3% |
| | | | |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **505,113,272** | 494,813,111 | |
| Non-controlling interest | **127,244,769** | 117,357,745 | |
| **TOTAL EQUITY** | **632,358,041** | 612,170,856 | 3.3% |

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းရရန်ပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ရက်နေ့တွင် ကျပ် ၃,၉၄၂.၇ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၄,၈၁၉.၄ ဘီလီယံအထိ မြင့်တက်ခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရသည့် အဓိက အကြောင်းအရင်းမှာ ရိုးမဘဏ်၏ ထုတ်ချေးငွေနှင့် အစိုးရငွေတိုက်စာချုပ်များတွင် ကာလတိုရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များသည် ၂၀၂၅ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၁,၀၇၈.၂ ဘီလီယံ မှ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၁,၀၇၇.၁ ဘီလီယံသို့ အနည်းငယ် လျော့နည်းသွားခဲ့ပါသည်။ ထိုသို့ လျော့နည်းသွားရသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များတွင် ကာလရှည်ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းသွားရခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၂၅ခုနှစ်၊ မတ်လ၊ ၃၁ရက်နေ့တွင် ကျပ် ၄,၃၉၃.၈ ဘီလီယံ မှ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကျပ် ၅,၂၄၆.၂ ဘီလီယံသို့ မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်လာရသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ customer များမှ Saving Deposit, Super Fixed Deposit နှင့် Flexi Product များအပေါ်တွင် ထပ်တိုးအပ်နှံငွေများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သောပေးရန်တာဝန်မှာ ၂၀၂၅ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ကျပ် ၁၅.၀ ဘီလီယံ မှ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကျပ် ၁၈.၀ ဘီလီယံသို့ မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်လာရသည့် အဓိကအကြောင်းအရင်းမှာ ကုမ္ပဏီ၏ ချေးငွေများ လက်ငင်းပေးရန်တာဝန်မှ လက်ငင်းမဟုတ်သောပေးရန်တာဝန်သို့ စာရင်းရွှေ့ပြောင်းခဲ့သောကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေမှာ ၃.၃% အနည်းငယ်တိုးတက်လာခဲ့ပြီး၊ ထိုသို့တိုးတက်လာရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးလုပ်ဆောင်ချက်များ ကောင်းမွန်ခြင်း၊ ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများမှ အခြားသောအလုံးစုံဝင်ငွေ တိုးမြင့်လာခြင်းနှင့် ရိုးမဘဏ်မှ အစုရှယ်ယာရှင်များနှင့် မသက်ဆိုင်သည့်ငွေ (non-controlling interest) တို့ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၁,၁၈၇.၅ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီအုပ်စု၏ ငွေစာရင်းရှင်းတမ်းအနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**Summary of Group Cash Flow Statement**

| (MMK'000) | **HY Sep-2025** | HY Sep-2024 | % Change |
|---|---|---|---|
| Net cash provided by/ (used in) operating activities | **159,676,766** | (229,589,866) | 169.5% |
| Net cash (used in)/ provided by investing activities | **(106,069,424)** | 179,926,171 | (159.0%) |
| Net cash used in financing activities | **(3,077,966)** | (2,524,514) | (21.9%) |
| Net increase/ (decrease) in cash and cash equivalents | **50,529,376** | (52,188,209) | 196.8% |
| Cash and cash equivalents at beginning of the period | **1,137,007,579** | 694,108,023 | 63.8% |
| Cash and cash equivalents at the end of the period | **1,187,536,955** | 641,919,814 | 85.0% |

ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့ရှိ ကျပ် ၆၄၁.၉ ဘီလီယံ နှင့်နှိုင်းယှဉ်ပါက ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၁,၁၈၇.၅ ဘီလီယံအထိ တိုးမြင့်လာခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်၏ ငွေသားလက်ကျန်များ အများဆုံးပါဝင်ပါသည်။ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆောင်ရွက်မှုများမှ ရရှိသော စုစုပေါင်း ငွေကြေးမှာ ကျပ် ၁၅၉.၇ ဘီလီယံ ဖြစ်ပြီး ၎င်းမှာ ရိုးမဘဏ်၏ Customer များထံမှ ရရှိသောအပ်နှံငွေများ တိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၂၀၂၅ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ကျပ် ၁၀၆.၁ ဘီလီယံ သုံးစွဲခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များနှင့် အခြားသောရင်းနှီးမြှုပ်နှံမှုများ ဝယ်ယူခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့အထိ ခြောက်လအတွင်း ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေး လုပ်ဆောင်ချက်များတွင် အသုံးပြုခဲ့သော အသားတင် ငွေသားသုံးစွဲမှုသည် ကျပ် ၃.၁ ဘီလီယံရှိခဲ့ပြီး ကုမ္ပဏီ၏ ဘဏ်ချေးငွေပြန်လည်ပေးဆပ်ခြင်းနှင့် ဘဏ်ချေးငွေ အတိုးပေးချေမှု တို့ကြောင့်ဖြစ်ပါသည်။

**အနာဂတ်မျှော်မှန်းချက်များ**

၂၀၂၅ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်၏ နောက်ဆက်တွဲဆိုးကျိုးများ အလွန်တွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည် ကောင်းမွန်လာခြင်းနှင့် မြန်မာငွေကျပ်တန်ဖိုးများ အနည်းငယ်မြင့်တက်လာခြင်း တို့ကြောင့် စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များသည် အနည်းငယ် တည်ငြိမ်လာမည်ဟု မျှော်လင့်ထားပါသည်။ ငွေကြေးဖောင်းပွမှုနှုန်း ဖြေလျော့လာသော်လည်း အိမ်ထောင်စုများ၏ ငွေကြေးသုံးစွဲနိုင်မှု အပေါ် ဖိအားဆက်လက်တည်ရှိလျက် ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ နောက်ဆုံးအစီရင်ခံစာ [2] အရ ငွေကြေးဆိုင်ရာ ကန့်သတ်ချက်များ၊ အလုပ်သမားရှားပါးခြင်း၊ ဓါတ်အားပေးစနစ် မလုံလောက်မှုများနှင့် မတည်ငြိမ်မှုများ ဆက်လက် ဖြစ်ပေါ်လျက်ရှိပြီး စီးပွားရေး

[2] Myanmar’s Economy Shows Moderate Signs of Recovery Amid Earthquake and Conflict Impacts (https://www.worldbank.org/en/news/press-release/2025/12/08/myanmar-s-economy-shows-moderate-signs-of-recovery-amid-earthquake-and-conflict-impacts)

ပြန်လည်ဦးမော့လာမည့် အခြေအနေသည် အကန့်အသတ်များ ရှိနိုင်ပါသည်။ အသားတင်ပြည်တွင်းထုတ်လုပ်ကုန် (GDP) သည် ၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ်တွင် ၂.၀% လျော့နည်းမည်ဟု ခန့်မှန်းထားပြီး ၂၀၂၆-၂၇ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများကြောင့် ၃% အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။ ထိုသို့ စိန်ခေါ်မှုများ ဆက်လက် တည်ရှိနေသော်လည်း ကုမ္ပဏီအုပ်စုသည် ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်မှုရှိရန်နှင့် လုပ်ငန်းနယ်ပယ်ရှိ အခွင့်အလမ်းများကို ရယူလျက် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေး လုပ်ငန်းများအပေါ် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံရေးကို ဆက်လက်အလေးထား လုပ်ဆောင်လျက် ရှိပါသည်။

**ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ**

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်သည် customer များအပေါ် ကောင်းမွန်သောဝန်ဆောင်မှုများနှင့် အပြန်အလှန်ယုံကြည်မှုများကြောင့် အပ်နှံငွေများ ပိုမိုတိုးများလာပြီး အထူးသဖြင့် Flexi နှင့် Fixed deposits အပ်ငွေကဏ္ဍတွင် တိုးများလာပါသည်။ ဘဏ်၏ အပ်နှံငွေများ တိုးလာသော်လည်း ချေးငွေထုတ်ချေးမှုအပိုင်းတွင်မူ ပြင်ပဈေးကွက်အခြေအနေများအရ ရိုးမဘဏ်သည် ချေးငွေထုတ်ချေးခြင်းအပေါ် သေချာစစ်ဆေး၍ ချေးငွေ-အပ်နှံငွေအချိုး (LDR) ကို သင့်တင့်မျှတသည့် အနေအထားတွင် ထိန်းသိမ်းထားလျက်ရှိပါသည်။ ထို့အပြင် ရိုးမဘဏ်သည် အစိုးရငွေတိုက်စာချုပ်များအပေါ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားငွေလဲလှယ်မှုလုပ်ဆောင်ချက်များတွင်လည်း ပိုမိုကောင်းမွန်အောင်လုပ်ဆောင်လျက်ရှိပြီး customers များနှင့် corporate clients များအနေဖြင့်လည်း နိုင်ငံခြားငွေလဲလှယ်မှုများကို တရားဝင် ဒီဂျစ်တယ်ပလက်ဖောင်းမှတစ်ဆင့် နိုင်ငံခြားငွေများ လဲလှယ်နိုင်စေရန် ခွင့်ပြုထားပါသည်။

ရိုးမဘဏ်၏ နိုင်ငံတကာငွေလွှဲခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်မှု ဝန်ဆောင်မှုများကို တိုးချဲ့ရန်အတွက် ၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်းတွင် "MoneyGram" နှင့် မဟာဗျူဟာမြောက်ပူးပေါင်း၍ ငွေလွှဲဝန်ဆောင်မှုများပေးနေပြီ ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းမှုမှတဆင့် နိုင်ငံတကာငွေလွှဲများကို ရိုးမဘဏ်၏ အကောင့်များသို့ Yoma Bank Next App မှတဆင့် သို့မဟုတ် ရိုးမဘဏ်၏ ဘဏ်ခွဲများကိုလည်း တိုက်ရိုက်ငွေလွှဲနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် "2C2P Wave" နှင့် ပူးပေါင်းလုပ်ဆောင်မှုသည် ရိုးမဘဏ်အကောင့်များနှင့် Wave Wallet များသို့ ပိုမိုလွယ်ကူစွာ ငွေလွှဲနိုင်ပြီး နိုင်ငံခြားငွေဆောင်ရွက်မှုများကို ပိုမိုချောမွေ့စေပါသည်။ ရိုးမဘဏ်သည် ဘဏ္ဍာရေးအခြေအနေတည်ငြိမ်မှုအား အစဉ်အမြဲဂရုပြုလျက်ရှိပြီး လုံလောက်သည့်ငွေကြေးလည်ပတ်မှု ရှိစေရန် ဦးစားပေးလျက် ရှိပါသည်။

**ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ**

ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ပန်းလှိုင်ဆေးရုံများသည် ဆေးရုံဝန်ဆောင်မှုများတိုးချဲ့ခြင်းနှင့် ပြည်ပမှဆရာဝန်များအား ဖိတ်ကြားကုသခြင်းများဖြင့် ကုသရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို တိုးမြှင့်လုပ်ဆောင်လျက် ရှိပါသည်။ ယခုအခါ လူနာများသည် နိုင်ငံခြားသို့ သွားရောက်ကုသရမည့်အစား ပန်းလှိုင်ဆေးရုံများတွင် နှလုံးရောဂါ၊ အရိုးနှင့် ဆက်စပ်ရောဂါများ၊ ဦးနှောက်ခွဲစိတ်ကုသမှုများ၊ အသည်းရောဂါများနှင့် နား၊နှာခေါင်း လည်ချောင်းဆိုင်ရာဝန်ဆောင်မှု စသည်တို့အား ပြည်ပမှအထူးကု ဆရာဝန်ကြီးများနှင့်လည်း ပန်းလှိုင်ဆေးရုံများတွင် ပြသနိုင်ပြီ ဖြစ်ပါသည်။

ပန်းလှိုင်ဆေးရုံ၏ ကျန်းမာရေး စောင့်ရှောက်မှုကွန်ယက်အား ပိုမိုချဲ့ထွင်ကာ ဝန်ဆောင်မှုများအား မြှင့်တင်နိုင်ရန် Heal Lab Collection စင်တာအသစ်များအား ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး အခြားနေရာ ဒေသများတွင်လည်း ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ထားလျက်ရှိပါသည်။ ကျန်မာရေးစစ်ဆေးမှုရလဒ်များအား ဆေးရုံ၏ ဒီဂျစ်တယ်ကျန်းမာရေးစနစ်ဖြစ်သော Heal App မှ တဆင့်လည်း မျှဝေနိုင်သည့်အပြင် အွန်လိုင်းမှကြိုတင်စာရင်း ပေးသွင်းခြင်း၊ တယ်လီကျန်းမာရေးစောင့်ရှောက်မှု၊ အီလက်ထရွန်းနစ်ဆေးရုံကုသမှု မှတ်တမ်းများ၊ လူနာတင်ယာဉ်ခေါ်ဆိုမှုဝန်ဆောင်မှုများ အစရှိသည့် ဝန်ဆောင်မှုများအား ရရှိနိုင်ရန် အဆင့်မြှင့်တင် ထားရှိပြီး ပိုမိုထိရောက်လျင်မြန်စွာ အထောက်အကူ ပေးနိုင်ပါသည်။

မဟာဗျူဟာအရ ပန်းလှိုင်ဆေးရုံသည် မန္တလေးနှင့် တောင်ကြီးမြို့များရှိ ဆေးရုံများ၏ တိုးချဲ့ရေးကို ဦးစားပေးထားလျက်ရှိပါသည်။ အထူးသဖြင့် တောင်ကြီးဆေးရုံ၏ ကုတင်အရေအတွက်အား ကုတင် ၁၀၀ ခုမှ ၂၅၀ အထိချဲ့ထွင်ရန်နှင့် ၂၀၂၈ခုနှစ် အစောပိုင်းတွင် ပြီးမြောက်ရန် မျှော်မှန်းထားရှိပြီး ဒေသတွင်း တိုးများလာသည့် ကျန်းမာရေးလိုအပ်ချက်များအား ဖြည့်ဆည်းနိုင်ရန် ကုမ္ပဏီအုပ်စု၏ အဓိက ရည်မှန်းချက်အား အကောင်အထည်ဖော်လျက် ရှိပါသည်။

**အိမ်ရာဖော်ထုတ်တည်ဆောက်ရေးလုပ်ငန်း**

ကုမ္ပဏီအုပ်စု၏ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍသည် အစီရင်ခံကာလအတွင်းတွင် ကောင်းမွန်စွာ ဆက်လက်ရပ်တည်လျက် ရှိပါသည်။ StarCity တွင်ရှိသည့် ARA အိမ်ရာစီမံကိန်းတွင် အရောင်းဖွင့်ထားသည့် အခန်းပေါင်း ၆၃၄ လုံးအနက် ၉၀.၅% ကို ရောင်းချထားရှိပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ဝယ်ယူသူများထံသို့ လက်လွှဲအပ်သွားမည် ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိသည့် Estella Townhouses သည်လည်း အရောင်းဖွင့်ပြီး အိမ်ရာများမှ အလုံးရေအားလုံးကို ပြီးစီးစွာရောင်းချခဲ့ပြီး အိမ်ခန်းပေါင်း ၅၈၂ လုံးအား ဝယ်ယူသူများထံသို့ အောင်မြင်စွာလွှဲအပ်ထားခဲ့ပြီး ဖြစ်ပါသည်။ ကျန်ရှိသေးသည့် ၁၀၇ခန်းကိုလည်း မကြာခင်အချိန်တွင်းတွင် ဝယ်ယူသူများ ထံသို့ အပ်နှံသွားမည် ဖြစ်ပါသည်။

လှိုင်သာယာမြို့နယ်ရှိ City Loft West စီမံကိန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး Phase 1 တွင်ပါရှိသော တာဝါပေါင်း (၈) ခုအနက်၊ တာဝါ (၃) ခုအား တပြိုင်နက် ဆောက်လုပ်လျက်ရှိပါသည်။ ပထမဆုံးစတင်အကောင်အထည်ဖော်သည့် ထိုတာဝါ (၃) ခုတွင်ပါရှိသော အိမ်ခန်းပေါင်း (၇၁၅) လုံးကို ၂၀၂၇ခုနှစ် ကုန်ဆုံးချိန်တွင် စတင်လွှဲပြောင်းနိုင်ရန် ခန့်မှန်းထားရှိပြီး ကျန်ရှိသော အဆောက်အဦများအား တာဝါအလိုက် ဆက်လက်လွှဲပြောင်း အပ်နှံသွားမည် ဖြစ်ပါသည်။

ထိုသို့ ဆောက်လုပ်အပ်နှံမှုများ ပြီးစီးတိုးတက်လာသည်နှင့်အမျှ ရရှိလာသည့် သက်ဆိုင်ရာဝင်ငွေများကို လာမည့်နှစ် အစီရင်ခံစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

**ခရီးသွားဝန်ဆောင်မှုလုပ်ငန်း**

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် စိန်ခေါ်မှုများ ဆက်လက်တည်ရှိနေပြီး နိုင်ငံခြား ခရီးသွားလာမှုများ ဝင်ရောက်မှု နည်းပါးလာသော်လည်း Memories Group သည် ပြည်တွင်းအပန်းဖြေလုပ်ငန်းဈေးကွက်အား ဦးစားပေးကာ ပြည်တွင်းလိုအပ်ချက်များကို အဓိကထားရှိပြီး အထူးသဖြင့် လူနေမှုဦးစားပေး (lifestyle-oriented segments) အပိုင်းတွင်လည်း ဝန်ဆောင်မှုပေးလျက် ရှိပါသည်။ Memories Group သည် လုပ်ငန်းစွမ်းဆောင်ရည်ကို ထိန်းသိမ်းထားရှိပြီး ယှဉ်ပြိုင်နိုင်မှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ရန် ဝင်ငွေအရင်းအမြစ်သစ်များကိုလည်း ရှာဖွေလျက်ရှိပါသည်။ ကုမ္ပဏီအုပ်စုသည် Memories Group ၏ မဟာဗျူဟာမြောက် ဦးတည်ချက်များနှင့် အနာဂတ်တိုးတက်မှု အစီအစဉ်များကို ဆက်လက်အားပေးထောက်ခံသွားမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၈) ရက်

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766

## INTERIM RESULTS – MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Co., Ltd ("the Company", and with its subsidiaries "the Group"), wishes to announce the release of the Company's auditor's report on review of condensed interim financial statements for the six months ended 30th September 2025 ("HY Sep-2025").

For a more meaningful comparison and better understanding of the financial result of the Group, the Company's management uses its auditor's report on review of condensed interim financial report covering the period 1st April 2024 to 30th September 2024 ("HY Sep-2024") was presented. The discussion and analysis are provided as below:

### KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **HY Sep-2025** | HY Sep-2024 | % Change |
|---|---|---|---|
| Revenue | **345,317,282** | 243,099,575 | 42.0% |
| Cost of revenue | **(217,945,225)** | (175,646,372) | (24.1%) |
| Gross profit | **127,372,057** | 67,453,203 | 88.8% |
| *Gross Profit margin* | ***36.9%*** | *27.7%* | |
| Administrative expenses | **(86,874,842)** | (82,902,016) | (4.8%) |
| Finance expenses | **(1,703,765)** | (1,386,139) | (22.9%) |
| Other (losses)/ gains, net | **(11,277,123)** | 12,373,081 | (191.1%) |
| Share of profit of associates and joint venture, net of tax | **53,053** | 5,489,038 | (99.0%) |
| Profit before income tax | **27,569,380** | 1,027,167 | 2,584.0% |
| Income tax expense | **(7,172,603)** | (1,470,449) | (387.8%) |
| **Profit/ (Loss) for the period** | **20,396,777** | (443,282) | NM |
| Fair value gains of available-for-sale investments | **-** | 386,102 | 0.0% |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **-** | (1,608,758) | 0.0% |
| Share of other comprehensive income/ (loss) of associates | **90,408** | (153,967) | 158.7% |
| **Other comprehensive income/ (loss) for the period, net of tax** | **90,408** | (1,376,623) | 106.6% |
| **Total comprehensive income/ (loss) for the period** | **20,487,185** | (1,819,905) | NM |
| | | | |
| **Profit/ (Loss) attributable to:**[1] | | | |
| Owners of the Company | **10,209,753** | 895,686 | |
| Non-controlling interests | **10,187,024** | (1,338,968) | |
| | **20,396,777** | (443,282) | |
| | | | |
| **Earnings per share** | | | |
| Basic (MMK) | **308** | **27** | 1,040.7% |
| Diluted (MMK) | **247** | **22** | 1,022.7% |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

The main contributors of the Group's revenue are financial service segment ("Yoma Bank") and healthcare segment ("Pun Hlaing Hospitals"), and the Group's total revenue for the six-month period, HY Sep-2025 increased by 42.0% to MMK 345.3 billion as compared to MMK 243.1 billion in HY Sep-2024.

Below is the breakdown of revenue by business segment:

| (MMK'000) | **HY Sep-2025** | HY Sep-2024 | % Change |
|---|---|---|---|
| Financial services | **283,424,047** | 193,250,278 | 46.7% |
| Healthcare services | **61,853,635** | 49,781,122 | 24.3% |
| Dividend income | **-** | 32,175 | 0.0% |
| Rental income | **39,600** | 36,000 | 10.0% |
| **Total** | **345,317,282** | 243,099,575 | 42.0% |

Revenue from Yoma Bank was higher by 46.7% from MMK 193.3 billion in HY Sep-2024 to MMK 283.4 billion in HY Sep-2025. This was driven by the increase in treasury income, interest income from Bank's loan portfolio and non-funded income including foreign exchange gains. Revenue from Pun Hlaing Hospitals also increased by 24.3% to MMK 62.0 billion in HY Sep-2025 as compared with MMK 49.8 billion in HY Sep-2024 which was primarily due to the revenue growth from clinical and ancillary services. More oversea doctors' visits and sales of medical Check-Up (MCU) discount packages driven by hospital's 20$^{th}$ anniversary contributed to the revenue growth.

The Group's gross profit contribution increased by 88.8% to MMK 127.4 billion in HY Sep-2025, as compared to MMK 67.5 billion in HY Sep-2024. This increase was primarily driven by higher gross profit at Yoma Bank, supported by stronger interest income from both loan and expanded treasury portfolio, as well as non-funded income that surpassed its cost of funds.

The Group's administrative expenses slightly increased from MMK 83.0 billion in HY Sep-2024 to MMK 87.0 billion in HY Sep-2025. This increase was due to the professional fees incurred at Company and increased in operating expenses such as rental, utilities, repair and maintenance and personnel expenses across all segments.

The Group's finance expenses on borrowing increased by 22.9% from MMK 1.4 billion in HY Sep-2024 to MMK 1.7 billion in HY Sep-2025 which was due to occurrence of the facility fees for the bank loans by the Company.

The Group reported other losses of MMK 11.3 billion in HY Sep-2025 as compared to other gains of MMK 12.4 billion in HY Sep-2024. This reduction was mainly caused by the unrealized currency revaluation loss in Yoma Bank and the absence of one-off gains recognized in prior period, including the gain on disposal of the Company's investment in Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") and fair value gains on revaluation of the Company's investment properties.

Below is the detailed breakdown of other (losses)/ gains of the Group:

| (MMK'000) | **HY Sep-2025** | HY Sep-2024 |
|---|---|---|
| (Loss)/ Gain on foreign currency exchange, net | **(10,478,654)** | 9,387,208 |
| Gain on disposal of available-for-sale investment | **-** | 1,567,702 |
| Gain on fair value of investment properties | **-** | 1,374,920 |
| Gain on disposal of property, plant and equipment | **19,717** | 134,984 |
| (Write-off) / Recovery of receivable | **(3,406)** | 500 |
| Write back of payable | **35,692** | 9,637 |
| Write-off of property, plant and equipment | **(850,472)** | (101,870) |
| **Total Other (Losses)/ Gains, net** | **(11,277,123)** | 12,373,081 |

The Group recorded share of profit of associates and joint venture in HY Sep-2025. A detailed breakdown is as below:

| (MMK'000) | Stake | Group Share of Profit<br>HY Sep-2025 | HY Sep-2024 |
|---|---|---|---|
| Thanlyin Estate Development Limited | 30.0% | **949,826** | 4,055,114 |
| FMI Garden Development Limited | 47.5% | **256,013** | 1,762,191 |
| FMI Decaux Company Limited | 40.0% | **122,862** | (206,640) |
| Kawthaung Hill Investment Limited | 37.5% | **(82)** | (101) |
| Chindwin Bagan Co.,Ltd | 30.0% | **(540)** | - |
| LSC-FMI Company Limited | 50.0% | **(1,635)** | (566) |
| Pun Hlaing Links Services Company Limited | 30.0% | **(29,425)** | (25,581) |
| CLW Development Co.,Ltd | 25.0% | **(182,232)** | - |
| Memories (2022) Pte. Limited | 16.66% | **(1,061,734)** | (95,379) |
| **Total Share of Profit** | | **53,053** | 5,489,038 |

The Group's share of profit from associates and joint venture decreased by 99.0% from MMK 5.4 billion in HY Sep-2024 to MMK 0.1 billion in HY Sep-2025. This decline was mainly driven by lower profit sharing from Thanlyin Estate Development Limited due to higher project management fees incurred for Estella and ARA development projects and the completion of Padauk Garden Project which lowered the profit sharing from FMI Garden Development Ltd. Additionally, the Group recorded share of loss from Memories (2022) Pte Ltd. MMK 1.1 billion primarily resulting from the increase in interest expenses on financing.

Regarding the facts mentioned above, the Group recorded a net profit after tax of MMK 20.4 billion in HY Sep-2025 as compared to that of MMK 0.4 billion loss after tax in HY Sep-2024.

In HY Sep-2025, the Group recorded other comprehensive income of MMK 0.1 billion as compared to other comprehensive loss of MMK 1.4 billion in HY Sep-2024. This improvement was mainly due to the recognition of MMK 0.1 billion of other comprehensive income arising from foreign currency translation of its associates, particularly Memories (2022) Pte. Ltd. and the absence of last year's one-off MMK 1.6 billion upon reclassification related to the transfer of fair value gains from the Company's available for sale investment in MTSH to profit or loss at disposal.

As the result of the above, the Group's net profit attributable to the equity holders of the Company was MMK 10.2 billion in HY Sep-2025 as compared to MMK 0.9 billion in HY Sep-2024.

Since net profit was generated and attributable to equity holders of the Company, the basic earnings per share ("EPS") of MMK 308 and the diluted EPS of MMK 247 in HY Sep-2025, which increased by 1,040.7% and 1,022.7% respectively, as compared to that of MMK 27 and MMK 22 in HY Sep-2024. With the aim of calculating diluted earnings per share, the weighted average number of shares issued has been adjusted assuming that any dilutive convertible securities were duly exercised at the commencement date of the reporting period.

A summary statement of the financial position of the Group, together with a comparative statement as of the end of the immediately preceding financial year 31 March 2025, is shown below.

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2025** | As at 31-Mar-2025 | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **4,819,417,324** | 3,942,662,602 | 22.2% |
| Total non-current assets | **1,077,139,518** | 1,078,234,942 | (0.1%) |
| Total assets | **5,896,556,842** | 5,020,897,544 | 17.4% |
| **LIABILITIES** | | | |
| Total current liabilities | **5,246,222,043** | 4,393,812,344 | (19.4%) |
| Total non-current liabilities | **17,976,758** | 14,914,344 | (20.5%) |
| Total liabilities | **5,264,198,801** | 4,408,726,688 | (19.4%) |
| **NET ASSETS** | **632,358,041** | 612,170,856 | 3.3% |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **505,113,272** | 494,813,111 | |
| Non-controlling interest | **127,244,769** | 117,357,745 | |
| **TOTAL EQUITY** | **632,358,041** | 612,170,856 | 3.3% |

Total current assets increased from MMK 3,942.7 billion as at 31 March 2025 to MMK 4,819.4 billion as at 30 September 2025. This increase was mainly due to higher loan disbursements and short-term treasury investment at Yoma Bank.

Total non-current assets slightly decreased from MMK 1,078.2 billion as at 31 March 2025 to MMK 1,077.1 billion as at 30 September 2025 which was mostly due to the reduction in long-term investment in the Bank's treasury portfolio.

Total current liabilities increased to MMK 5,246.2 billion as at 30 September 2025 as compared to MMK 4,393.8 billion as at 31 March 2025. This increase was mainly due to the greater level of deposit from customers held by the Bank, mostly in Saving Deposit, Super Fixed Deposit and Flexi products.

Total non-current liabilities increased to MMK 18.0 billion as at 30 September 2025 as compared to MMK 15.0 billion as at 31 March 2025 which was mainly caused by the reclassification of loan under current liabilities to non-current liabilities in the Company.

The Group's equity increased slightly at a rate of 3.3%, which was driven by favourable financial performance and increase in share of other comprehensive income of associates as well as non-controlling interest mainly from Yoma Bank.

As of 30 September 2025, the Group's cash and cash equivalents amounted to approximately MMK 1,187.5 billion. A summary of the Group Statement of Cash Flows is as follows: -

**Summary of Group Cash Flow Statement**

| (MMK'000) | **HY Sep-2025** | HY Sep-2024 | % Change |
|---|---|---|---|
| Net cash provided by/ (used in) operating activities | **159,676,766** | (229,589,866) | 169.5% |
| Net cash (used in)/ provided by investing activities | **(106,069,424)** | 179,926,171 | (159.0%) |
| Net cash used in financing activities | **(3,077,966)** | (2,524,514) | (21.9%) |
| Net increase/ (decrease) in cash and cash equivalents | **50,529,376** | (52,188,209) | 196.8% |
| Cash and cash equivalents at beginning of the period | **1,137,007,579** | 694,108,023 | 63.8% |
| Cash and cash equivalents at the end of the period | **1,187,536,955** | 641,919,814 | 85.0% |

The Group cash and cash equivalents increased to MMK 1,187.5 billion as at 30 September 2025 as compared to MMK 641.9 billion as at 30 September 2024 in which significant portion of cash flow is derived from Yoma Bank. As at 30 September 2025, the Group's net cash provided by operating activities amounted to MMK 159.7 billion which was primarily due to the increase in deposits from customers by Yoma Bank. Net cash used in investing activities MMK 106.1 billion in HY Sep-2025 which was particularly due to the additional purchase of government and other securities by the Bank. The Group's net cash used in financing activities for the six months ended 30 September 2025 amounted to MMK 3.1 billion due to the repayment of bank borrowing and bank loan interest payment made by the Company.

**Outlook**

The country's economic outlook shows early signs of stabilization, supported by a steadily appreciating kyat and improved freight transport after the disruptions caused by earthquake in March 2025. Inflation has eased but remains elevated, continuing to pressure household budgets. According to the latest report from World Bank[2], the recovery is constrained by limited reconstruction financing, labor shortages, power issues and ongoing conflict. GDP is projected to contract by 2.0% in FY2025/26 then follow by a modest 3% rebound in FY2026/27. Despite these challenges, the Group remains prudent and prioritizing balance sheet resilience, while pursuing opportunities in Financial Services, Healthcare, and Real Estate to support long-term growth.

**Financial Services**

Driven by strong customer service and a foundation of mutual trust, the Group financial services "Yoma Bank" continues to experience steady growth in deposits, particularly in its Flexi and fixed-deposit products. While deposits are rising, lending activities remain constrained by external market conditions, leading the Bank to maintain a cautious and selective approach to credit extension as well as maintaining a relatively moderate loan-to-deposit (LDR) ratio. At the same time, Yoma Bank has strengthened its treasury and forex operations, enabling customers and corporate clients to trade foreign currencies through a regulated digital venue.

In order to expand Yoma Bank's international remittance and foreign-exchange capabilities, the bank is establishing a strategic partnership with "MoneyGram" in mid-2025. This collaboration enables cross-border payments to be transferred directly into Yoma Bank accounts via the Yoma Bank Next App or through any of its branches. Moreover, the integration with "2C2P Wave" further facilitates money transfer between Yoma accounts and Wave wallets and enables smoother FX transaction arrangements. Yoma Bank has consistently emphasized strengthening its balance sheet and maintaining sufficient liquidity as priority.

**Healthcare Services**

The Group healthcare services "Pun Hlaing Hospitals" continues to advance its specialty care capabilities by expanding services and hosting overseas medical specialists. Patients can now access a wide range of medical services including cardiology, orthopaedics, neurosurgery, hepatology and ENT with oversea doctors at Pun Hlaing Hospitals without the need to travel abroad.

The opening of Heal Lab Collection Centers in Yangon and Mandalay expands Pun Hlaing Hospitals' reach and improves patient access, with more locations planned. Test results are integrated into the hospital's digital ecosystem and accessible via the Heal App, which now offers enhanced features such as online booking, teleconsultation, electronic medical records, and ambulance services to support more efficient, and coordinated care.

---

[2] Myanmar's Economy Shows Moderate Signs of Recovery Amid Earthquake and Conflict Impacts (https://www.worldbank.org/en/news/press-release/2025/12/08/myanmar-s-economy-shows-moderate-signs-of-recovery-amid-earthquake-and-conflict-impacts)

Strategically, Pun Hlaing Hospitals is focusing on expanding its hospital facilities in Mandalay and Taunggyi. The Taunggyi Hospital will increase its bed capacity from 100 to 250, with completion targeted for early 2028, reinforcing the Group's commitment to meet growing healthcare demand in the region.

**Real Estate Services**

The Group's real estate sector continues to perform well during the reporting period. The ARA project at StarCity has achieved a sales rate of 90.5% of its 634 launched units, with handovers in December 2025. Meanwhile, all launched units of the eco-friendly Estella Townhouses are fully sold, and 582 units have been successfully handed over to date. The remaining 107 units will be handed over to customers in due course.

Construction progresses are also ongoing at the City Loft West Project in Hlaing Tharyar Township, where three of the eight towers in phase 1 are being built concurrently. These 715 units in initial towers are on track for completion by the end of 2027, and hence the tower-by-tower handovers to follow.

As construction advances and handovers of previously sold units continue, the corresponding financial contributions will be recognized in upcoming reporting periods.

**Tourism**

Despite ongoing challenges in the tourism sector and international tourist arrivals remain subdued, Memories Group is proactively strengthening its position by focusing on the domestic recreational market and capturing local demand, particularly within lifestyle-oriented segments. It continues to prioritize operational efficiency while exploring new revenue streams to enhance competitiveness and long-term sustainability. The Group will continue to support Memories Group in pursuing its strategic direction and future growth initiatives.

By Order of the Board

Tun Tun
Chief Executive Officer
18 December 2025

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766